အကြောင်းအရာ အကျဉ်းချုပ်

# မြန်မာနိုင်ငံ ဓလေ့ထုံးတမ်းစနစ်များတွင် စွဲမြဲတည်ရှိနေမှုများ နှင့် အပြောင်းအလဲများ



မျိုးနွယ်စုများနှင့် တစ်ဦးချင်း ပိုင်ဆိုင်သည့် မြေများပေါ်တွင်ရှိသည့် ကယားပြည်နယ် ခူးပရာ ကျေးရွာ လူထုများ၏ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးကွင်း (ဓါတ်ပုံ - Christian Erni)

***Christian Erni*** *ရေးသားသည်*

ဇူလိုင်၊ ၂၀၂၂

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်နေထိုင်ကြပြီး ၎င်းတို့တွင်ထူးခြားသည့် ကိုယ်ပိုင်ဝိသေသလက္ခဏာများ၊ ယဉ်ကျေးမှုများနှင့် အသက်မွေးဝမ်းကျောင်းမှုပုံစံများ ရှိကြသည်။ တိုင်းရင်းသားလူမျိုးစုများစွာသည် ၎င်းတို့၏ ဓလေ့ထုံးတမ်းစနစ်များမှတစ်ဆင့် မြေနှင့်သယံဇာတရင်းမြစ်များအား လက်လှမ်းမှီမှု၊ အသုံးပြုနိုင်မှုနှင့် စီမံခန့်ခွဲမှုတို့ကို ထိန်းညှိဆောင်ရွက်ကြသည်။ သို့သော် ထိုနည်းစနစ်များသည် ခြိမ်းခြောက်ခံနေရပြီး ဥပဒေအရ အသိအမှတ်ပြုခြင်းလည်းမရှိသကဲ့သို့ နိုင်ငံတော်အစိုးရက ကာကွယ်စောင့်ရှောက်မှုပေးခြင်းလည်း မရှိပေ။

ဥပဒေအရအသိအမှတ်ပြုရေးနှင့် အကာအကွယ်ပေးနိုင်ရေး သင့်လျော်သည့်နည်းလမ်းများ ဖော်ထုတ်သတ်မှတ်နိုင်ရန်အတွက် ဓလေ့ထုံးတမ်းစနစ်များ မည်သို့ တည်ရှိဆောင်ရွက်နေသနည်း၊ ထိုစနစ်များသည် တစ်ခုနှင့်တစ်ခု မည်သို့ကွာခြားပါသနည်းဟူ၍ သိရှိနားလည်မှုသည် အခြေခံကျလှသည်။ ဤလေ့လာဆန်းစစ်ချက်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် တည်ရှိနှင့်ပြီးဖြစ်သော အသိပညာဗဟုသုတများကို စနစ်တကျ ပြန်လည်လေ့လာသုံးသပ်ခြင်းနှင့် အမျိုးမျိုးသောဓလေ့ထုံးတမ်းစနစ်များကို နှိုင်းယှဉ်လေ့လာခြင်းတို့ဖြင့် အမျိုးအစားအလိုက် ဆင်တူမှုနှင့် ကွဲပြားမှုများအကြောင်းကို ရေးသားဖော်ပြလိုခြင်းဖြစ်ပါသည်။

## ၁။ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ဆိုသည်မှာ မြေနှင့်သယံဇာတရင်းမြစ်များအား စီမံခန့်ခွဲရန်အတွက် ပြဋ္ဌာန်းဥပဒေပါ လုပ်ပိုင်ခွင့်များနှင့်မသက်ဆိုင်သည့် ရပ်ရွာအခြေပြုစနစ်ကို ဆိုလိုခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဤနည်းစနစ်များ၏ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ/လုပ်ငန်းစဉ်များကို ပြင်ပမှလူများ/အဖွဲ့အစည်းများက ဆုံးဖြတ်ခြင်း၊ ထိန်းသိမ်းခြင်းမဟုတ်ဘဲ (ဥပမာ– အစိုးရများ) ရပ်ရွာလူထုကသာ ဆုံးဖြတ်ခြင်း၊ ထိန်းသိမ်းခြင်း ဖြစ်သည်။ ဤလေ့လာဆန်းစစ်ချက်တွင် အောက်ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အသုံးပြုထားပါသည် –

> **ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ဆိုသည်မှာ မြေယာနှင့် အခြားအရင်းအမြစ်များအား မည်သို့အသုံးပြုပြီး မည်သို့မျှဝေမည်ဟု ဆုံးဖြတ်သည့် ရပ်ရွာအခြေပြု စည်းမျဉ်းများ၊ ထိန်းညှိမှုများနှင့် လုပ်ထုံးလုပ်နည်းများဖြစ်ပြီး ၎င်းတို့သည် ရပ်ရွာ၏ လူမှုအဖွဲ့အစည်း၊ ယဉ်ကျေးမှုနှင့်တန်ဖိုးထားမှုများတွင် အမြစ်တွယ်ထင်ဟပ်လျက်ရှိသည်။**

ဓလေ့ထုံးတမ်းအခင်းအကျင်းတွင် ရပ်ရွာလူထုသည်အများအားဖြင့် ရိုးရာကျေးရွာမှလူထုဖြစ်သည်။ သို့သော်လည်း ရိုးရာကျေးရွာဟုဆိုရာ၌ အုပ်ချုပ်ရေးယန္တရားအောက်တွင် ဖွဲ့စည်းထားသည့် ကျေးရွာကိုသာ ဆိုလိုခြင်းဖြစ်သည်ဟု မမှတ်ယူသင့်ပါ။ ရိုးရာကျေးရွာတွင် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသည့် အခြေချနေထိုင်သူ လူအုပ်စုငယ်များ ပါဝင်နိုင်သကဲ့သို့ တိုင်းရင်းသားလူမျိုးစုပေါင်းစုံ ရောနှောနေထိုင်ခြင်းလည်း ဖြစ်နိုင်သည်။ အချို့နေရာများတွင် အိမ်နီးချင်းရပ်ရွာများက ရိုးရာကျေးရွာတစ်ရွာ၏ အချို့သောမြေဧရိယာများ သို့မဟုတ် အချို့သော သယံဇာတရင်းမြစ်များအား ပူးတွဲလုပ်ပိုင်ခွင့် စည်းမျဉ်းစည်းကမ်းများဖြင့် မျှဝေအသုံးပြုနေနိုင်သည်။ အချို့နေရာများတွင်မူ နှစ်ရွာ သို့မဟုတ် နှစ်ရွာထက်ပိုသည့် ရိုးရာကျေးရွာများအကြား မျှဝေအသုံးပြုသည့် နယ်မြေနှင့် ရွာများအကြား ပူးတွဲဆောင်ရွက်သည့် ဓလေ့ထုံးတမ်းနည်းစနစ်တစ်ခုလည်း ရှိနေနိုင်သည်။

ရပ်ရွာလူထုများသည် အစစအရာရာဆင်တူပြီး တစ်သားတည်းရှိနေလိမ့်မည်ဟု မမှတ်ယူသင့်ပါ။ ရပ်ရွာအများစုသည် တိုင်းရင်းသားလူမျိုးစုပေါင်းစုံ ရောနှောနေထိုင်ကြသည့် ရပ်ရွာများဖြစ်ကြပြီး မည်သည့်ရပ်ရွာ၌မဆို အခွင့်အရေးများ၊ လူမှုအဆင့်အတန်း၊ အာဏာပါဝါရှိမှု၊ စိတ်ဝင်စားမှုနှင့်အကျိုးစီးပွား၊ စွမ်းဆောင်ရည် စသည်တို့တွင် ကွဲပြားမှုများ ရှိကြသည်။



ကရင်ပြည်နယ်အတွင်း ဖာလာစေ့များ သယ်ဆောင်လာသည့် ဆိုင်ကယ်များ (ဓါတ်ပုံ – Antoine Deligne)

## ၂။ ဓလေ့ထုံးတမ်းစနစ်များတွင် ဘုံအဖြစ်ရှိနေသည့် အရာများမှာ မည်သည်တို့ဖြစ်သနည်း

### နယ်မြေ/နယ်နိမိတ်များအပေါ် စီရင်ဆုံးဖြတ်ခွင့်အာဏာ ရပ်ရွာလူထုတွင်ရှိသည်

ဓလေ့ထုံးတမ်းစနစ်များတွင် ရပ်ရွာလူထုနှင့် ၎င်းတို့၏နယ်မြေ/နယ်နိမိတ်သည် ခွဲခြား၍မရဘဲတစ်သားတည်း ဆက်စပ်နေသည်။ သို့သော် ဓလေ့ထုံးတမ်းစနစ်အောက်တွင် မြေများအားလုံးသည် အများပိုင်မြေသာဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အခွင့်အရေးများကို စုပေါင်း၍သော်လည်းကောင်း၊ ပူးတွဲ၍သော်လည်းကောင်း သို့မဟုတ် တစ်ဦးတည်းအဖြစ်လည်းကောင်း ပိုင်ဆိုင်နိုင်သည်။ ရပ်ရွာ၏မြေများအားလုံးကို ပုဂ္ဂလိက လုပ်ပိုင်ခွင့်ပြုလိုက်သည့် အခြေအနေတွင်ပင်(ဤအခြေအနေတွင် စုပေါင်းမြေ သို့မဟုတ် အများပိုင်မြေဟူ၍ ဆက်လက်မတည်ရှိနိုင်တော့ပါ) ရပ်ရွာလူထု၏ စီရင်ဆုံးဖြတ်ပိုင်ခွင့်အာဏာကို ဆက်လက်အသုံးပြုနိုင်ပါသေးသည်။ အသုံးများကြသည့် ရပ်ရွာလူထု၏ စီရင်ဆုံးဖြတ်ခွင့်အာဏာတစ်ခုမှာ ရပ်ရွာပြင်ပမှ လူပုဂ္ဂိုလ်များထံ မြေရောင်းချခွင့်ကို ကန့်သတ်ခြင်းဖြစ်သည်။

### ဓလေ့ထုံးတမ်းစနစ်များတွင် အခွင့်အရေးအစုအစည်းများပါဝင်သည်

ရပ်ရွာအတွင်းရှိ မတူညီသည့်လူတစ်ဦးချင်း သို့မဟုတ် လူအုပ်စုများသည် ဓလေ့ထုံးတမ်းစနစ်များအရ အမျိုးမျိုးသော ရင်းမြစ်များအတွက် မတူညီသည့် အခွင့်အရေးများ (တစ်ခါတစ်ရံ အခွင့်အရေးများ တစ်ခုနှင့်တစ်ခု ထပ်နေလေ့ရှိသည်) ခံစားခွင့်ရှိကြသည့်အတွက် ဓလေ့ထုံးတမ်းစနစ်များမှာ ရှုပ်ထွေးလှပါသည်။

ဤအခွင့်အရေး အစုအစည်းများတွင် ယေဘုယျအားဖြင့် အောက်ဖော်ပြပါ အခွင့်အရေး ၅ ခုပါဝင်သည်ဟု သိရှိ နားလည်ရပါသည် [1] –

၁။ **လက်လှမ်းမှီခွင့် –** ဧရိယာတစ်ခုအတွင်း ဝင်ရောက်ခွင့်နှင့် ရှိနေခွင့်၊ သို့သော် မည်သည့်အရာကိုမျှအသုံးပြုခွင့် သို့မဟုတ် ရယူခွင့်မရှိပါ။

၂။ **ထုတ်ယူခွင့် –** ရင်းမြစ်တစ်ခုကို ရရှိပိုင်ခွင့် သို့မဟုတ် ရင်းမြစ်ထံမှ ထုတ်ကုန်များ ရရှိခွင့် (ဥပမာ – စိုက်ပျိုးသီးနှံများ ရိတ်သိမ်းခြင်း၊ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း သို့မဟုတ် ရေထုတ်ယူခြင်း)။

၃။ **စီမံခန့်ခွဲခွင့် –** ရင်းမြစ်တစ်ခုကို မည်သို့အသုံးပြုမည်၊ မည်သည့်ဆောင်ရွက်ချက်များဖြင့် အသွင်ပုံစံပြောင်းမည် (ဥပမာ – လှေကားထစ် စိုက်ပျိုးခြင်း၊ သစ်ပင်စိုက်ခြင်း သို့မဟုတ် ရေသွင်းရေထုတ်ဆိုင်ရာ အခြေခံအဆောက်အဦများ ဆောက်လုပ်ခြင်း) ဟူ၍ ထိန်းညှိစီမံခွင့် ။

၄။ **အသုံးမပြုရန် တားမြစ်ခွင့် –** မည်သူ့ထံတွင် လက်လှမ်းမှီခွင့်/ ထုတ်ယူခွင့် ရှိသည်၊ ထိုအခွင့်အရေးကို အခြား မည်သူ့ထံ လွှဲပြောင်းခွင့်ရှိသည်ဟု ဆုံးဖြတ်ခွင့် (ဥပမာ – မည်သူက အမွေဆက်ခံခွင့်ရှိသည်/မည်သူက အမွေဆက်ခံခွင့် မရှိ)

[1] For an example, see Schlager, E., & Ostrom, E. (1992). Property-rights regimes and natural resources: A conceptual analysis. Land Economics, 68(3), 249–62



ထုံးကျောက်ချောက်ကမ်းပါးကို နောက်ခံထားပြီး ကယားပြည်နယ်ရှိ ကွိုင်ငံ့ရွာ သွားလမ်း။ ထုံးကျောက်များသည် အရေးကြီးသော၊ အများသူငှာ ပိုင်ဆိုင်သည့် အရင်းအမြစ်တစ်ခုဖြစ်သည်။ (ဓါတ်ပုံ - Christian Erni )

၅။ **ရောင်းချခွင့်/ငှားရမ်းခွင့်** – ရောင်းချခွင့် သို့မဟုတ် ငှားရမ်းမှုကို စီမံခန့်ခွဲခွင့်နှင့် အသုံးမပြုရန်တားမြစ်ခွင့် (နှင့် သက်ဆိုင်ရာ လက်လှမ်းမှီခွင့်နှင့် ထုတ်ယူခွင့်)

## ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်များနှင့် ရပ်ရွာလူထု၏ စီမံအုပ်ချုပ်မှုစနစ်များသည် ခွဲခြားမရဘဲ တစ်သားတည်း ဆက်စပ်နေသည်

ဓလေ့ထုံးတမ်းစနစ်များသည် ရပ်ရွာစီမံအုပ်ချုပ်မှု အဖွဲ့အစည်းများ၊ စည်းမျဉ်းစည်းကမ်း အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များနှင့် ပဋိပက္ခဖြေရှင်းရေးလုပ်ငန်းစဉ်များ တည်ရှိမှုအပေါ် မူတည်လျက်ရှိပါသည်။ ကောင်းစွာလည်ပတ်နေသည့် ပဋိပက္ခဖြေရှင်းရေး လုပ်ငန်းစဉ်များသည် ဓလေ့ထုံးတမ်းစနစ်၏ တရားဝင်မှု / အများလက်ခံမှုနှင့် ရေရှည် တည်တံ့မှုအတွက် အရေးကြီးလှပါသည်။

## အခွင့်အရေးများသည် ဓားမဦးချလုပ်ကိုင်ခဲ့ခြင်း၊ အမွေဆက်ခံခြင်းနှင့် စိတ်ဝိညာဉ်ရေးရာ ဆက်သွယ်မှုရှိခြင်းဟူသည့် အခြေခံမှုအပေါ်အခြေပြုသည်

မြေလွတ်တွင် ပထမဦးဆုံး(ဓားမဦးချ) ခုတ်ထွင်ရှင်းလင်း စိုက်ပျိုးခဲ့သူက ဓလေ့ထုံးတမ်းအခွင့်အရေးများကို မူလပိုင်ဆိုင်သူအဖြစ် ရရှိခြင်းသည် အလွန်အဖြစ်များပါသည်။ ထို့နောက် ထိုမြေကို အခြားသူများအားပေးအပ်နိုင်သည် သို့မဟုတ် ရောင်းချနိုင်သည် သို့မဟုတ် ပိုင်ရှင်၏ သားစဉ်မြေးဆက်သို့ လွှဲပြောင်းပေးနိုင်သည်။

ထိုသို့ ဓားမဦးချစတင်ဆောင်ရွက်ခဲ့သူ ကျေးရွာထူထောင်သူများသည် မြေအထွက်တိုးအောင် စောင်မကြည့်ရှုပေးကြသည့် မြေစောင့်နတ်ယာစောင့်နတ်များနှင့် အထူးပတ်သက်ဆက်နွယ်မှုရှိသည်ဟု အများကယုံကြည်ကြသည်။ ကျေးရွာထူထောင်သူတို့၏ သားစဉ်မြေးဆက်များသည် ထိုမြေစောင့်နတ်၊ ယာစောင့်နတ်များနှင့် ကောင်းမွန်သည့် ဆက်ဆံရေးကို ထိန်းသိမ်းရန်အတွက် လိုအပ်သည့် ရိုးရာဓလေ့အရ ပူဇော်ပသမှုများကို ပြုလုပ်ရန် သို့မဟုတ် ဦးဆောင်ရန် တာဝန်ရှိသည်။

## ကျေးရွာတွင်နေထိုင်ကြသူ ရပ်ရွာလူထုအားလုံးသည် မြေသို့ လက်လှမ်းမှီခွင့်ရှိသည်

ဓလေ့ထုံးတမ်းစနစ်အောက်တွင် ရပ်ရွာအတွင်းရှိ လူတစ်ဦးချင်း သို့မဟုတ် မိသားစုများသည် ရပ်ရွာအတွင်း နေထိုင်သူများဖြစ်၍ တစ်ဦးချင်း မြေအခွင့်အရေး သို့မဟုတ် မိသားစုမြေအခွင့်အရေးများ ရရှိကြသည် သို့မဟုတ် ဘုံယုံကြည်မှုဖြင့်မြေကို စုပေါင်းပိုင်ဆိုင်သူများ(ဥပမာ – မျိုးနွယ်စုတစ်ခု)အဖြစ်လည်း အခွင့်အရေးများ ရှိကြသည်။ သို့သော် မြေအခွင့်အရေးများကို အစဉ်အမြဲ တန်းတူရရှိနေသည်ဟု မဆိုလိုပါ။ အများအားဖြင့် အထူးအခွင့်အရေးရရှိနေသူများ သို့မဟုတ် ဦးစားပေးအခွင့်အရေးရရှိနေသူများသည် ရပ်ရွာလူထုအားလုံး မြေဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနိုင်ရေးအတွက် တာဝန်ရှိပေသည်။ ဓလေ့ထုံးတမ်းစနစ်အောက်တွင် မြေယာမဲ့ဖြစ်မှုသည် ပြဋ္ဌာန်းဥပဒေပါ အခွင့်အရေးများအရ မြေယာမဲ့ဖြစ်မှုထက် အဖြစ်နည်းသည်။

အများအားဖြင့် ကျေးရွာသူ/ကျေးရွာသားများသည် ၎င်းတို့ကျေးရွာမှ ထွက်ခွာသွားပါက ပြန်ရောက်လာသည့် အချိန်အထိ မြေလက်လှမ်းမှီပိုင်ခွင့်ဆိုင်ရာ မည်သည့်အခွင့်အရေးကိုမျှ တောင်းဆိုနိုင်ခြင်းမရှိတော့ပါ။ သို့သော်လည်း အလုပ်ရှာဖွေရန် ပြောင်းရွှေ့နေထိုင်မှုများပြားလာသည့်အနေအထားတွင်မူ ဤစည်းမျဉ်းစည်း ကမ်းများ ပြောင်းလဲသွားနိုင်ပါသည်။

### စဉ်ဆက်မပြတ် နှစ်စဉ်စိုက်ပျိုးအသုံးပြုထားသည့်မြေသည် လူတစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုများ၏ ပုဂ္ဂလိကပိုင် ဖြစ်သည်

ကျယ်ကျယ်ဝန်းဝန်းအသုံးပြုထားသည့်မြေကို အများအားဖြင့် ဘုံပိုင်မြေအဖြစ် သတ်မှတ်ကြသည်။ ဥပမာ – စားကျက်မြေများ၊ သစ်တောမြေများ သို့မဟုတ် ရွှေ့ပြောင်းတောင်ယာမြေ စသည်တို့အပါအဝင်ဖြစ်သည်။ ဆန့်ကျင်ဖက်အားဖြင့် အိမ်မြေကွက်များ၊ စဉ်ဆက်မပြတ်နှစ်စဉ်စိုက်ပျိုးအသုံးပြုထားသည့်မြေ (ဥပမာ – ဆည်ရေသောက်လယ်နှင့် လှေကားထစ်စပါးစိုက်ခင်းများ၊ သစ်ခွပန်းခြံများ၊ လက်ဖက် သို့မဟုတ် ကော်ဖီခြံ) များကိုမူ အများအားဖြင့် လူတစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုများ၏ပုဂ္ဂလိကပိုင်အဖြစ် တွေ့ရှိရသည်။

### ဓလေ့ထုံးတမ်းစနစ်များသည် စဉ်ဆက်မပြတ် ဆင့်ကဲတိုးတက်နေသည်

ဓလေ့ထုံးတမ်းစနစ်များသည် ဘိုးစဉ်ဘောင်ဆက်ကြာမြင့်ပြီး ရပ်ရွာ၏ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များတွင် နက်ရှိုင်းစွာ အမြစ်တွယ်တည်ရှိနေနိုင်သည်။ တစ်ချိန်တည်းတွင်လည်း ၎င်းတို့သည် လူမှုစနစ်၏အစိတ်အပိုင်းတစ်ခု ဖြစ်သည့်အလျောက် လူမှုစနစ်များပြောင်းလဲတိုးတက်လာသည့်နည်းတူ ဓလေ့ထုံးတမ်းစနစ်များသည်လည်း လက်တွေ့ပကတိ တရားနှင့်လိုက်လျောညီထွေမှုရှိအောင် စဉ်ဆက်မပြတ် ဆင့်ကဲတိုးတက်လာရသည်သာဖြစ်သည်။

## ၃။ ဓလေ့ထုံးတမ်းစနစ်များ မည်သို့ကွဲပြားကြပါသနည်း

မြန်မာနိုင်ငံတွင် အခြေခံအားဖြင့် ဓလေ့ထုံးတမ်းစနစ် ၃ ခုတွေ့ရှိနိုင်ပါသည် [2]–

၁။ အများပိုင်ရွှေ့ပြောင်းတောင်ယာမြေစနစ်များ

၂။ စုပေါင်းပိုင်ဆိုင်သည့်မြေများနှင့် လူတစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုများက ပုဂ္ဂလိကပိုင်သည့်မြေများကို ရောနှောထားသည့်စနစ်များ

၃။ ကျေးရွာနယ်နိမိတ်အတွင်းရှိ မြေများအားလုံးသည် ပုဂ္ဂလိကပိုင်ဆိုင်မှုအောက်တွင် ရှိသော်လည်း မြေအခွင့်အရေးများကို ပြင်ပလူများ/အဖွဲ့အစည်းများထံ ပေးခွင့်/ရောင်းခွင့် မရှိသည့်စနစ်များ

သက်ဆိုင်ရာရပ်ရွာတစ်ခုစီတိုင်းတွင် ဓလေ့ထုံးတမ်းစနစ်များသည် အချက်အလက်အချို့ပေါ် မူတည်သည်။ အဆိုပါအချက်အလက်များကို အောက်ပါအတိုင်း အသေးစိတ်ဆွေးနွေးတင်ပြအပ်ပါသည် –



တရင်ပြည်နယ် သူမပိုင် ဖာလာ သီးနှံသစ်တောခင်းနှင့်အတူ တွေ့ရသော ဂေဘား တိုင်းရင်းသူအမျိုးသမီး (ဓါတ်ပုံ - Christian Erni )

### အသက်မွေးဝမ်းကျောင်းမှုများနှင့် မြေအသုံးပြုမှု

သက်ဆိုင်ရာနယ်မြေများ၏ ဓလေ့ထုံးတမ်းစနစ်များတွင် အမျိုးမျိုးသောမြေနှင့်သယံဇာတရင်းမြစ်များ ပါဝင်သည်။ ရပ်ရွာများသည် နေရာအနှံ့တွင် အများပြုလုပ်ကြသည့် အသက်မွေးဝမ်းကျောင်းစနစ်များကို မိုခိုလှေ့ရှိပြီး ၎င်းကပင် မည်သူက မည်သည့်ရင်းမြစ်များကို မည်သည့်နည်းဖြင့် အသုံးပြုနိုင်သည်ဟု ဆုံးဖြတ်ပေးသည်။

စိုက်ပျိုးရေးနှင့် သစ်တောထိန်းသိမ်းရေးကို ပေါင်းစည်းခြင်း Agroforestry (ဥပမာ –ရွှေ့ပြောင်းတောင်ယာ)နှင့် လယ်ယာစိုက်ပျိုးခြင်းသည် မြန်မာ့ကျေးလက်ဒေသများတွင် ယနေ့အထိအများဆုံးတွေ့ရသည့် မြေအသုံးပြုမှုပုံစံဖြစ်သည်။ များစွာသော အသက်မွေးဝမ်းကျောင်းမှုများနှင့် မြေအသုံးပြုမှုစနစ်များတွင် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဆိတ် စသဖြင့် မွေးမြူရေးလုပ်ငန်းကို တွဲဖက်လုပ်ကိုင်ကြသော်လည်း အနည်းငယ်ကသာ မွေးမြူရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းမှုအဖြစ် လုပ်ကိုင်ကြသည်။ အမဲလိုက်ခြင်းနှင့် စုဆောင်းခြင်းကို အခြေပြုသည့် အသက်မွေးဝမ်းကျောင်းစနစ်ကို မြိတ်ကျွန်းစုရှိ ဆလုံတိုင်းရင်းသားလူမျိုးစုတစ်ခုကသာ ကျင့်သုံးကြသည်။ လှေများပေါ်တွင် နေထိုင်ကြသည့် ရွှေလွယ်ပြောင်းလွယ်မိသားစုအုပ်စုများသည် ရေပေါ်ရေအောက်၊ ကမ်းရိုးတန်းနှင့် ကျွန်းများပေါ်ရှိ ကုန်းတွင်းသယံဇာတရင်းမြစ်များအား အသက်ရှင်သန်ရေးနှင့် ကုန်သွယ်ရောင်းဝယ်ရေးအတွက် အသုံးပြုကြသည်။

### ကာလရှည်ကြာ ပလပ်၍ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်များ

ကာလရှည်ကြာ ပလပ်၍ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုကို လူဦးနေသိပ်သည်းမှုနည်းပါးသည့် တောင်ပေါ် ဒေသများ – ဥပမာအားဖြင့် ချင်း၊ ကချင်၊ ကယားနှင့် ကရင်ပြည်နယ် အစိတ်အပိုင်းများအချို့နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ နာဂကိုယ်ပိုင်ပိုင်အုပ်ချုပ်ရေးဒေသတွင် အသုံးပြုနေ

2 Andersen, K.E. (2016b). The Recognition of Customary Tenure in Myanmar. Thematic Study #3. Vientiane: Mekong Region Land Governance.



ကယားပြည်နယ်၊ ကွိုင်ငံ့ရွာ လူထုများ စုပေါင်းစပါးရိတ်သိမ်းခြင်း၊ စပါးစိုက်မြေသည် တစ်ဦးချင်းပိုင်ဖြစ်ပြီး နောက်ခံတွင် ရပ်ရွာပိုင်သစ်တောဖြစ်သည်။ (ဓါတ်ပုံ - Christian Erni )

ဆဲဖြစ်ပါသည်။ ဤသို့နှစ်ရှည် ပလပ်၍ စိုက်ပျိုးသည့်စနစ်များ၏ ဘုံလက္ခဏာတစ်ခုမှာ ၎င်းတို့အသုံးပြုသည့်ဓလေ့ထုံးတမ်းစနစ်တိုင်း၏ သိမ်မွေ့နက်နဲမှု ဖြစ်ပါသည်။ ကျယ်ကျယ်ဝန်းဝန်းအသုံးပြုသည့်မြေ (ဥပမာ – သစ်တောမြေများ၊ စားကျက်မြေများ သို့မဟုတ် ရွှေ့ပြောင်းတောင်ယာမြေ) များသည် စုပေါင်းပိုင်ဆိုင်မှုအောက်တွင်အများအားဖြင့်ထားရှိသည်ဆိုသော်လည်း ခြွင်းချက်များလည်းရှိနေသည်။ စုပေါင်းပိုင်ဆိုင်မှုရှိသည့်နေရာများတွင် အဆိုပါစုပေါင်းပိုင်ဆိုင်မှုကိုရရှိထားသည့်လူမှုအုပ်စုအပေါ်မူတည်၍ ကွာခြားမှုများရှိသည်။ အခြားအတွေ့ရများသည့်လက္ခဏာတစ်ခုမှာ ခေးမဦးချ လုပ်ကိုင်ခဲ့သူဟူသည့်အခြေခံမှုကိုအခြေပြု၍ လူတစ်ဦးချင်းကဖြစ်စေ သို့မဟုတ် မျိုးနွယ်စုတစ်ခုကဖြစ်စေ ထိုမြေအခွင့်အရေးကို ပိုင်ဆိုင်နိုင်သည်။ တိုင်းရင်းသားလူမျိုးစုအသီးသီးတွင် ရွှေ့ပြောင်းတောင်ယာမြေအပေါ် တစ်ဦးချင်း သို့မဟုတ် အုပ်စုအလိုက်အခွင့်အရေးများ အမျိုးမျိုးရှိနေနိုင်သည်။ သို့သော် ခြုံငုံ၍ စီမံခန့်ခွဲမှု ဆုံးဖြတ်ချက်များကိုမူ ရပ်ရွာအဆင့်တွင် စုပေါင်းချမှတ်ရသည်။

## ရပ်ရွာများအကြားနှင့် လူမျိုးစုအစုအဖွဲ့များ၏ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်

အချို့နေရာများတွင် ဝေးလံပြီးကြီးမားသည့်သစ်တောဧရိယာများကို တစ်ခုထက်ပိုသည့်ရပ်ရွာလူထုများက အသုံးပြုကြသည့်အတွက် ထိုမြေများကိုပူးတွဲဘုံအဖြစ်ပိုင်ဆိုင်သည့်မြေဟုသတ်မှတ်ကြပြီး ထိုရပ်ရွာများအတွင်းရှိလူထုအားလုံးက လက်လှမ်းမှီခွင့်ရှိသည်။ ယဉ်ကျေးမှုအရ အရေးပါသည့်ဧရိယာများ (ဥပမာ – မြင့် မြတ်သည့်တောင်တန်းများ သို့မဟုတ် နေရာများ) ကိုမူ တိုင်းရင်းသားလူမျိုးစုတစ်ရပ်လုံး၏ ဘုံပစ္စည်းအဖြစ် သတ်မှတ်နိုင်ပြီး ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ကို ထိုမြင့်မြတ်သည့်နေရာများအတွင်းရှိ သို့မဟုတ် အနီး အနားရှိ ကျေးရွာခေါင်းဆောင် သို့မဟုတ် လူမျိုးစုအစုအဖွဲ့များဆိုင်ရာအရပ်ဖက်အဖွဲ့အစည်းကို ပေးအပ်လေ့ ရှိသည်။

## မြေ၏အပြင်ဘက် – လယ်သမား–တံငါသည်များနှင့် ပင်လယ်ကို အခြေခံသည့် မုဆိုး–စုဆောင်းသူများအကြား သယံဇာတရင်းမြစ်စီမံအုပ်ချုပ်ခြင်း

ဓလေ့ထုံးတမ်းစနစ်များသည် ကမ်းရိုးတန်းဒီရေတောဒေသများနှင့် ရေဝေရေလဲဒေသများရှိ လယ်သမား–တံငါသည်များ၏သယံဇာတရင်းမြစ်အသုံးပြုမှုနှင့် မြိတ်ကျွန်းစုရှိ ဆလုံလူထုတို့၏ ပင်လယ်အခြေပြု မုဆိုး–စုဆောင်းသူစနစ်တို့ကိုလည်း ထိန်းညှိပေးသည်။ အဆိုပါရပ်ရွာများသည် မြေအပေါ်ကိုသာမက မြစ်ဝကျွန်း ပေါ်နှင့်ပင်လယ်တို့ထံမှ သယံဇာတရင်းမြစ်များအပေါ်ကိုလည်းမှီခိုနေရသည့်အတွက် ၎င်းတို့၏ဓလေ့ထုံးတမ်း အခွင့်အရေးများကိုအသိအမှတ်ပြုကာကွယ်ပေးရန် စိန်ခေါ်မှုနှင့်ကြုံတွေ့နေရသည်။


## လူဦးရေဆိုင်ရာဆန်းစစ်ချက် – လူဦးရေများပြားလာခြင်း၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့် မြေ အသုံးချမှုပုံစံပြောင်းလဲခြင်း

တစ်နိုင်ငံလုံးရှိတောင်ပေါ်ဒေသများတွင် လူဦးရေတိုးပွားလာမှုကြောင့် မြေရှားပါးမှုနှင့်ကြုံလာရပြီး တောင်သူ များအနေဖြင့် ၎င်းတို့ရွှေ့ပြောင်းတောင်ယာစက်ဝန်းတွင် မြေ ပလပ်ထားမှုကာလကို ချုံ့ရန်လိုအပ်လာသည်။ သင့်တော်သည့်မြေရရှိပါက တောင်သူများသည် အဆိုပါမြေများတွင် အလှည့်ကျ သီးနှံစိုက်ပျိုးခြင်း သို့မဟုတ် လှေကားထစ် စပါးစိုက်ပျိုးရေးအတွက် လှေကားထစ်များ ပြင်ဆင်ဆောက်လုပ်ခြင်းတို့ဖြင့် မြေကိုအမြဲတမ်း အသုံးပြုလာကြသည်။ ထိုသို့စဉ်ဆက်မပြတ် အပြင်းအထန် အသုံးပြုသည့်မြေကို ပုဂ္ဂလိကပိုင်ဆိုင်မှုအောက်တွင် ထားရှိသည်။ သို့သော်လည်း သစ်တောမြေများနှင့် စားကျက်မြေများကိုမူ စုပေါင်းလုပ်ပိုင်ခွင့်များဖြင့် အသုံးပြုကြပြီး လူနှင့်သယံဇာတရင်းမြစ်များအကြား ပတ်သက်ဆက်နွယ်မှုကို ဓလေ့ထုံးတမ်းစနစ်ဖြင့် ထိန်းညှိဆောင်ရွက်ကြသည်။

ရှမ်းပြည်တောင်ပိုင်း[3]ရှိ ပအို့ဝ်လူမျိုးစုအကြား မြေကာလတို ပလပ်၍ ရွှေ့ပြောင်းတောင်ယာစိုက်သည့်စနစ်နှင့် ကယားပြည်နယ်ရှိ[4](Kayan Kangan) ကယန်းလူမျိုးစုတို့၏ အမြဲတမ်းတောင်ပေါ်ရွှေ့ပြောင်း တောင်ယာစနစ်တို့ကို ကြည့်ခြင်းအားဖြင့် အကယ်၍ စုပေါင်းလုပ်ပိုင် ခွင့်များ မတည်ရှိပါလျှင်တောင်မှ သို့မဟုတ် အနည်းငယ်သာရှိပါလျှင် တောင်မှ ထိုရပ်ရွာလူထုများသည် ကျေးရွာနယ်နိမိတ်တစ်ခုလုံးတွင် ၎င်းတို့၏ဓလေ့ထုံးတမ်း စီရင်ဆုံးဖြတ်မှုကို ထိထိရောက်ရောက် ထိန်း သိမ်းထားနိုင်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ရွှေ့ပြောင်းသွားလာနေထိုင်မှုကြောင့် ရပ်ရွာဖွဲ့စည်းမှုပုံစံများတွင် အပြောင်းအလဲများ ဖြစ်ပေါ်လာပြီး ရွှေ့ပြောင်းများ၏ မွေးရပ်ဌာနေတွင် သာမက ၎င်းတို့ ရွှေ့ပြောင်းမှု၏ခရီးဆုံးဖြစ်သည့် ရပ်ရွာများရှိ ဓလေ့ ထုံးတမ်းစနစ်များကိုလည်း နည်းလမ်းမျိုးစုံဖြင့် သက်ရောက်မှုရှိသည်။

၎င်းသည် လုပ်သားနှင့်/ သို့မဟုတ် မြေရှားပါးမှု သို့မဟုတ် မြေလက်လှမ်း မီနိုင်ခွင့်ပုံစံအသစ်များ မိတ်ဆက်လာမှုနှင့် အသုံးပြုလာမှု (ဥပမာ–မြေ ငှားရမ်းခြင်း ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုများ စတင်လာခြင်း) တို့ ကြောင့် ဖြစ်နိုင်ပါသည်။



ပဲခူးတိုင်း ဒေသကြီးရှိ သာပင်ကုန်းတွင် ပြန်လည်နေရာချထားရေး
(ဓါတ်ပုံ - Prawit Nikornuaychai)

### ဈေးကွက်ပေါင်းစည်းခြင်း

ကမ္ဘာ့အဆင့်နှင့်ဒေသကြီးအဆင့်ဈေးကွက်များပေါင်းစည်းခြင်းနှင့် ကုန်ပစ္စည်းများထုတ်လုပ်ရန်ပိုမိုလိုအပ်လာ ခြင်းတို့ကြောင့် မြေ အသုံးပြုမှုပုံစံအပြောင်းအလဲများကိုဖြစ်ပေါ်စေသည်။ လုပ်ကွက်ငယ် တောင်သူများသည် ထိုဈေးကွက်အခွင့်အလမ်းများကိုရရှိရန်ကြိုးပမ်း လာကြပြီး ပုံမှန်စိုက်ပျိုးနေကျသီးနှံများအပြင် စီးပွားဖြစ် သီးနှံများကို လည်း ထပ်ဆောင်းစိုက်ပျိုးလာကြသည် – သို့မဟုတ် ပုံမှန်စိုက်ပျိုးနေ ကျသီးနှံများအစား စီးပွားဖြစ်သီးနှံများကိုသာ စိုက်ပျိုးကြတော့သည်။ ဤအပြောင်းအလဲများသည် ဓလေ့ထုံးတမ်းစနစ်များအပေါ် သက် ရောက်မှု ရှိသည်။

### ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးမှသည် စီးပွားဖြစ် စိုက်ပျိုးရေးနှင့် သစ်တောထိန်းသိမ်းရေး (agroforestry) စနစ်များဆီသို့

တောင်ပေါ်ဒေသများစွာတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးမှသည် စီးပွားဖြစ် agroforestry ဆီသို့ ကူးပြောင်းလာမှုကြောင့် ဓလေ့ထုံးတမ်း စုပေါင်းအခွင့်အရေးများနေရာတွင် တစ်ဦးချင်းအခွင့်အရေးများက အစားထိုး ဝင်ရောက်လာသည်။ ထိုလုပ်ငန်းစဉ်များသည် ရပ်ရွာအတွင်း လူမှုဆက်ဆံရေးကို များစွာပြောင်းလဲသွားစေနိုင်သည်။

ဥပမာအားဖြင့် ကရင်ပြည်နယ်၊ လိပ်သိုမြို့နယ်ခွဲရှိ ဂယ်ဘား(Gheba) ရပ်ရွာလူထုများ[5]တွင် ယခင်က စုပေါင်းလုပ်ပိုင်ခွင့်အောက်တွင် ထားရှိ ခဲ့သည့်မြေကို ပုဂ္ဂလိကပိုင်ပြုမှုကြောင့် ငွေကြေးတတ်နိုင်သူအိမ်ထောင် စုများက ထိုမြေများကို ပိုင်ဆိုင်သွားကြပြီး ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများအတွက်မူ မြေဆုံးရှုံးသွားရသည်။ ဤသို့ မြေလွှဲပြောင်း မှုများနှင့် ငွေကြေးတတ်နိုင်သူများကသာ မြေများကို ပိုင်ဆိုင်သွားခြင်း သည် ဓလေ့ထုံးတမ်း စနစ်ဘောင်အတွင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကွာဟမှုများ ပိုမိုနက်ရှိုင်းလာသော်လည်း မြေယာသည်ရပ်ရွာ လူထု လက်ထဲတွင်သာ ကျန်ရှိနေပြီး ယနေ့အထိ မြေယာမဲ့အိမ်ထောင်စုများ မရှိပါ။ မြေယာများကို ပြုပြင်ပြီးနောက် ပြင်ပလူပုဂ္ဂိုလ်/အဖွဲ့အစည်း များထံသို့ ရောင်းချမှုကို ရပ်ရွာက မထိန်းချုပ်နိုင်တော့ပါလျှင် နောက် ဆုံးတွင် ဓလေ့ထုံးတမ်းစနစ်များ ပျောက်ကွယ်သွားနိုင်ပါသည်။

### ယဉ်ကျေးမှုနှင့်လူမှုဖွဲ့စည်းပုံ

ယဉ်ကျေးမှုနှင့် လူမှုဖွဲ့စည်းပုံတို့ကလည်း မတူညီသည့်ရပ်ရွာလူထုများ တွင် ဓလေ့ထုံးတမ်းစနစ်များ မည်သို့ကွဲပြားသည်ဟု ဆုံးဖြတ်နိုင်သည်။ ယဉ်ကျေးမှုနှင့် လူမှုဖွဲ့စည်းပုံတို့၏ လွှမ်းမိုးမှုကို မြေပိုင်ဆိုင်မှုနှင့် အမွေ ဆက်ခံခွင့် (အထူးသဖြင့် အမျိုးသမီးများ မြေပိုင်ဆိုင်နိုင်မှုအတွက်) စည်းမျဉ်းစည်းကမ်းများ ကွဲပြားနေမှုကိုကြည့်ခြင်းအားဖြင့် သိရှိနိုင် သည်။ ထို့အပြင် လူမှုနိုင်ငံရေးဖွဲ့စည်းပုံတို့ကလည်း ဓလေ့ထုံးတမ်းစနစ် ကို သက်ရောက်မှုရှိသည်။ တောင်ပေါ်ဒေသရှိ အချို့သောလူထုများ သည် မြေပြန့်ဒေသရှိ မင်းမျိုးမင်းနွယ်အလွှာများ၊ အခြား တောင်ပေါ် ဒေသရှိ အနည်းငယ်သော တိုင်းရင်းသားလူမျိုးစုများထက်စာလျှင် ရိုးရာဓလေ့အားဖြင့်မြေလက် လှမ်းမီပိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်တို့တွင် ပို၍ သာ တူညီမှုရှိသည်ကို တွေ့ရှိရသည်။

---

[3] Farmers and Land Workers Union. (2016). Customary tenure in Nan-Pan village, Southern Shan State, Myanmar. Briefing paper. Yangon: Mekong Region Land Governance.

[4] Karuna Mission Social Solidarity-Loikaw. (2017a). Livelihood, Land Use and Customary Tenure in Kwaingan. A Report of a Participatory Action Research. Loikaw: Karuna Mission Social Solidarity (KMSS)-Loikaw.

[5] See GRET (2019). Farming systems analysis in Myanmar: Methodological background, selected case studies and synthesis of field-based studies across five states and regions of Myanmar. Yangon: LIFT. See also Promotion of Indigenous and Nature Together (2019). Indigenous Peoples' Rights to Customary Land in Myanmar Current Status and the Way Forward. Yangon: POINT (Promotion of Indigenous and Nature Together).

## ကာလရှည်ကြာမြေ ပလပ်၍ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့်စနစ်များတွင် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားမှု များ

မြေအသုံးချမှုပုံစံတစ်ခုအတွင်း၌ပင် ဓလေ့ထုံးတမ်းစနစ် ကွဲပြားမှုများကို ယဉ်ကျေးမှုနှင့် လူမှုဖွဲ့စည်းပုံတို့က အဆုံးအဖြတ်ပေးလွှမ်းမိုးနေသည်။ ဥပမာအားဖြင့် ကာလရှည်ကြာမြေပလပ်၍ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့်စနစ်များတွင် တွေ့ရှိရသည့် အမျိုးအစားကွဲပြားစုံလင်မှုဖြစ်သည်။ ချင်းပြည်နယ်မြောက်ပိုင်းတွင် ဓားမဦးချမှုအပေါ် အခြေပြု၍ အချို့သောရွှေ့ပြောင်းတောင်ယာမြေကွက်များကို ပုဂ္ဂလိကပိုင်ဆိုင်မှုအောက်တွင် ထားရှိသော်လည်း အခြားမြေများအားလုံးသည် အများပိုင်ဆိုင်မှုဖြစ်ပြီး စိုက်ပျိုးရာသီတိုင်း မိသားစုများအတွက် အခမဲ့ မျှတစွာ ခွဲဝေအသုံးပြုကြသည်[6]။ ချင်းပြည်နယ်တောင်ပိုင်းတွင်မူ ရွှေ့ပြောင်းတောင်ယာမြေ ကွက်ကြီးများကို အနည်းငယ်သော ရိုးရာမင်းမျိုးမင်းနွယ်မိသားစုများ သို့မဟုတ် မိသားစုတစ်စုကသာ ထိန်းချုပ်ထားကြသည်[7]။ အခြားသောမိသားစုများမှာမူ မြေကွက်တစ်ကွက်ကိုလက်လှမ်းမှီအသုံးပြုနိုင်ရန်အတွက် အခကြေးငွေပေးရသည်။ ကယားပြည်နယ်ရှိ ကယန်းလူမျိုးစု(Kayan Hlahui)တွင် မြေလုပ်ပိုင်ခွင့်ကို လူတစ် ဦးချင်း သို့မဟုတ် မျိုးနွယ်စုအလိုက် စုပေါင်းပိုင်ဆိုင်ကြသည်[8]။

## နိုင်ငံတော်၏ ကြားဝင်ဆောင်ရွက်မှု

ဓလေ့ထုံးတမ်းစနစ်များတွင် နိုင်ငံတော်အစိုးရ၏ တိုက်ရိုက်ပါဝင်ဆောင်ရွက်မှုသည် အပြောင်းအလဲဖြစ်ပေါ်စေသည့် အဓိကမောင်းနှင်အားတစ်ခုဖြစ်သည်။ နိုင်ငံတော်အစိုးရသည် အများအားဖြင့်ဓလေ့ထုံးတမ်းစနစ်များအား အသိအမှတ်ပြုခြင်းမရှိပါ။ တစ်ချိန်တည်းတွင် ဘုံအဖြစ် အသုံးပြုကြသည့်ရင်းမြစ်များ (ဥပမာ – သစ်တောများ)နှင့် မှတ်ပုံမတင်ထားသည့်မြေကိုလည်း နိုင်ငံတော်ပိုင်ပစ္စည်းအဖြစ် ကြေညာတတ်ကြသည်။ ထိုသို့ နိုင်ငံတော်ပိုင်သတ်မှတ်လိုက်မှုကြောင့် ရပ်ရွာလူထုတို့အနေဖြင့် ထိုမြေ သို့မဟုတ် အခြားရင်းမြစ်များကို အသုံးပြုရန်မှာ တရားမဝင်တော့ပါ။ ပုဂ္ဂလိကကုမ္ပဏီများအား နိုင်ငံတော်က မြေယာလုပ်ပိုင်ခွင့် ချပေးခြင်းသည် မြန်မာနိုင်ငံရှိ လုပ်ကွက်ငယ်တောင်သူများ မြေဆုံးရှုံးရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။ ထို့အပြင် ရပ်ရွာလူထုများအား ပြဋ္ဌာန်းဥပဒေဖြင့် မြေအခွင့်အရေးများ လိုက်နာစေခြင်းသည် ဓလေ့ထုံးတမ်းစနစ်များအပေါ် ထိခိုက်နစ်နာမှု ဖြစ်ပေါ်စေနိုင်သည်။

## မြေပြန့်ဒေသရှိ တောင်သူလယ်သမားများ၏စနစ်များ

မြေနှင့်ရင်းနှီးကျွမ်းဝင်ခြင်းနှင့် မြေအပေါ်နှောင်တွယ်မှုရှိခြင်းသည် တောင်ပေါ်ဒေသရှိ ဌာနေတိုင်းရင်းသားတို့အတွက် အထူးတလည် ထူးဆန်းသည့် လက္ခဏာတစ်ရပ်မဟုတ်ပေ။ မြေပြန့်အပူပိုင်းဇုန်[9]တွင် နှစ်ကာလရှည်ကြာစွာ နေထိုင်လာကြသူ ဗမာလူထုတို့သည်လည်း မြေအခွင့်အရေးဆိုင်ရာ အကြောင်းအရာကိစ္စရပ်များကို ဖော်ထုတ်ပြောဆိုလာကြပြီဖြစ်သည်။ ဌာနေတိုင်းရင်းသားများထက်စာလျှင် ဗမာလူထု၏ ဓလေ့ထုံးတမ်းစနစ်များသည် ပိုမိုအားနည်းလာသည်ဟု ယနေ့ခေတ်တွင် ဖော်ထုတ်ပြောဆိုလာကြသည်။ သို့သော်လည်း ဤသို့ ကွာခြားမှုသည် ယဉ်ကျေးမှုနှင့် တိုင်းရင်းသားလူမျိုးစုရေးရာကြောင့် မဟုတ်ဘဲ မြေပြန့်အုပ်ချုပ်ရေးသမိုင်းကြောင်းအရနှင့် မကြာသေးသည့်ကာလများအတွင်း နိုင်ငံတော်၏ ကြားဝင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် ရလဒ်သာဖြစ်သည်ဟု ဆိုနိုင်ပါသည်။ မြေပြန့်ဒေသများတွင် ဗမာလူထုကို နိုင်ငံတော်ကသာ အုပ်ချုပ်လာခဲ့သည်မှာ နှစ်ပေါင်းရာချီပြီဖြစ်ပြီး[10] လက်ရှိအချိန်တွင်လည်း လယ်ယာမြေအကုန်လုံးနီးပါးကို ပြဋ္ဌာန်းဥပဒေဖြင့်သာ စီမံအုပ်ချုပ်သည်။ သို့သော် အချို့မြေများသည် စုပေါင်းစီမံအုပ်ချုပ်မှုအောက်တွင်သာ ဆက်ရှိနေသေးပြီး (ဥပမာအားဖြင့် စားကျက်မြေ) မြေလွှဲပြောင်းခြင်းနှင့် အမွေဆက်ခံခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည် ဥပဒေအရမဟုတ်ဘဲ အလွတ်သဘော တည်ရှိနေသေးသည်[11]။ မြေဆိုင်ရာတရားဝင်စာရွက်စာတမ်းများ ရရှိနိုင်ရေးအတွက် ဥပဒေအရ အခွင့်အလမ်းလည်းရှိပါသည် (ဥပမာ – မြေအသုံးပြုခွင့်လက်မှတ်များ)။ သို့သော် ထိုသို့တရားဝင်စာရွက်စာတမ်းများ ရရှိနိုင်သည့်အခွင့်အလမ်းများကို ရပ်ရွာလူထုများစွာက အများအားဖြင့် သတိမမူမိကြသေးပေ။ အချို့မှာ ထိုအခွင့်အလမ်းများအကြောင်း ကြားဖူးနားဝရှိသော်လည်း မည်သို့လျှောက်ထားရမည် / သက်ဆိုင်ရာ အစိုးရဌာနများသို့ မည်သို့လွယ်ကူစွာ လက်လှမ်းမှီရောက်ရှိနိုင်မည်ဟု မသိရှိကြပါ[12]။ အထူးသဖြင့် ဝေးလံခေါင်ဖျားသည့်ဒေသများမှ ရပ်ရွာလူထုများအတွက် ထိုသို့သိရှိနိုင်ရန် ခက်ခဲလှပေသည်။

## လက်နက်ကိုင်ပဋိပက္ခများ

လက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းရင်းသားလူမျိုးစုများ၏ ဒေသများတွင် ဆုံးရှုံးနစ်နာခြင်းသည် ဆယ်စုနှစ်များစွာ ရှိနေပြီဖြစ်သည်။ ရပ်ရွာလူထု၏ အသက်ရှင်နေထိုင်မှုဘဝအပေါ် ရှုထောင့်ပေါင်းစုံမှ ဆိုးရွားပြင်းထန်စွာ ထိခိုက်နစ်နာလျက်ရှိပြီး ဓလေ့ထုံးတမ်းစနစ်များအပေါ် ထိခိုက်မှုလည်း အပါအဝင်ဖြစ်သည်။ ရပ်ရွာလူထုများစွာသည်

---

6 Boutry, M., Allaverdian, C., Tin Myo Win, & Khin Pyae Sone. (2018). Persistence and change in Hakha Chin land and resource tenure: a study on land dynamics in the periphery of Hakha. Of Lives and Land Myanmar research series. Yangon: GRET.

7 Andersen, K.E. (2015). Study of Upland Customary Communal Tenure in Chin and Shan States. Outline of a Pilot Approach towards Cadastral Registration of Customary Communal Land Tenure in Myanmar. Yangon: Land Core Group, p. 45.

8 Karuna Mission Social Solidarity-Loikaw. (2017). Livelihood, Land Use and Customary Tenure in Khupra. A Report of a Participatory Action Research. Loikaw: Karuna Mission Social Solidarity (KMSS)-Loikaw.

9 Boutry, M., Allaverdian, C., Mellac, M., Huard, S., San Thein, Tin Myo Win, & Khin Pyae Sone. (2017). Land tenure in rural lowland Myanmar: From historical perspectives to contemporary realities in the Dry zone and the Delta. Of Lives and Land Myanmar research series. Yangon: GRET.

10 Huard, S. (2020). Nobody Owns the Land: How Inheritance Shapes Land Relations in the Central Plain of Myanmar. Journal of Burma Studies, 24(1), 79–117. University of Hawai'i Press.

11 Kahan, D. (2001). Dry Zone Farming Systems Study. Yangon: United Nations Development Programme and Food and Agriculture Organization . See also Huard op.cit.

12 For an example, see Norwegian Refugee Council (2019). Obstacles to Housing, Land and Property Rights in Northern Mon State. A Field-Based Assessment of Formal and Informa Procedures and Practices.



သက်ကြီးကရင်လူမျိုးများ.မျိုးဆက်ဟောင်းတော်တော်များများက သူတို့ရွာဟောင်းကို ပြန်လာချင်ကြတယ် (ဓါတ်ပုံ - PRAWIT NIKORNUAYCHAI)

ငင်းတို့ပိုင်ဆိုင်သည့် ဓလေ့ထုံးတမ်း ဘိုးဘွားပိုင်မြေများကို စွန့်ခွာရသည်။ မြန်မာစစ်တပ်နှင့် အခြားနိုင်ငံတော်အာဏာပိုင်များက ၎င်းတို့အား အတင်းအဓမ္မနေရာ ရွှေ့ပြောင်းစေခဲ့သည် သို့မဟုတ် အကြမ်းဖက်မှုများမှ ရှောင်လွှဲနိုင်ရန်နေရပ်ကို စွန့်ခွာခဲ့ရသည်။ ပြန်လည်နေရာချထားရေးဒေသများတွင် ၎င်းတို့အတွက် မြေယာလုပ်ပိုင်ခွင့် ခိုင်မာမှုရှိခဲ့ပါလျှင်လည်း အနည်းငယ်သာရှိနိုင်ပြီး မြေနှင့်သယံဇာတရင်းမြစ်များ အသုံးပြုနိုင်ရေးအတွက် ထိုဒေသတွင် ဇာတိချက်မြှုပ် နေထိုင်နှင့်ပြီးဖြစ်သူ ရပ်ရွာလူထုများနှင့် ပြိုင်ဆိုင်နေရနိုင်သည်။ ထို့အပြင် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တည်ထောင်ထားသည့် အစိုးရဟူ၍ အပြိုင်အစိုးရများ တည်ရှိနေပြီး ထိုအပြိုင်အစိုးရများက မြေနှင့်သယံဇာတရင်းမြစ်များအပေါ် ဥပဒေအရစီရင်ခွင့်အာဏာနှင့် မူဝါဒရေးရာ ပြိုင်ဆိုင်မှုများကြောင့် ရပ်ရွာလူထုများသည် မလုံခြုံမှုများနှင့် ရင်ဆိုင်နေရသည်[13] ။

### အတင်းအဓမ္မ နေရာရွှေ့ပြောင်းခံရသည့် ရပ်ရွာလူထုများ

နေရပ်စွန့်ခွာရသူရပ်ရွာလူထုအတွက် ဓလေ့ထုံးတမ်းစနစ်များကိုဆက်လက်ထိန်းသိမ်းရန်မှာ မဖြစ်နိုင်တော့ပါ သို့မဟုတ် ခက်ခဲလှသည်။ ပဲခူးတိုင်းရှိ အတင်းအဓမ္မ နေရာရွှေ့ပြောင်းခံရပြီး ပြန်လည်နေရာချထားရေးဒေသများတွင် နေထိုင်နေရသူ ကရင်ရပ်ရွာလူထုတွင် လေ့လာဆန်းစစ်မှုတစ်ခုအရ ၎င်းတို့သည် အလွန်ခက်ခဲကျပ်တည်းလှသည့် အခြေအနေများနှင့် ရင်ဆိုင်နေရပြီး ၎င်းတို့၏ဓလေ့ထုံးတမ်းစနစ်များအပေါ်လည်း ဆိုးရွားသည့်သက်ရောက်မှုများ ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်[14]။ အများစုသည် မြေယာမဲ့များအဖြစ် ဆက်လက်နေထိုင်နေရပြီး ပြန်လည်နေရာချထားရေးဒေသတွင် နေ့စားအလုပ်သမားများအဖြစ် ခက်ခဲပင်ပန်းစွာ ရုန်းကန်နေရသည်။ အသက်ကြီးသူများက လုံခြုံရေးဆိုင်ရာအခြေအနေများ တိုးတက်ကောင်းမွန်လာပါလျှင် နေရပ်ပြန်ရန်၊ ဘိုးဘွားပိုင်မြေများကို ပြန်လည်ရယူရန်နှင့် ဓလေ့ထုံးတမ်းစနစ်များ ပြန်လည်ထူထောင်ရန် ဆန္ဒရှိကြသည်။ သို့သော် ပြန်လည်နေရာချထားရေးဒေသများတွင်မွေးဖွားခဲ့ပြီး အရွယ်ရောက်လာသူများစွာကမူ ထိုဘိုးဘွားပိုင်မြေများအပေါ် နှောင်တွယ်မှုမရှိကြတော့ဘဲ ၎င်းတို့မိဘများနှင့်အတူ ဝေးလံသည့်ဒေသများသို့ နေရပ်ပြန်လိုခြင်းလည်း မရှိကြတော့ပါ။

## ၄ ။ တစ်စိတ်တစ်ပိုင်းနှင့် အပြည့်အဝစနစ်များ – ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်များအား စနစ်အလိုက်ဖြေရှင်းခြင်း

ဓလေ့ထုံးတမ်းစနစ်ဖြင့် ရပ်ရွာလူထု၏အခွင့်အရေးများ ခိုင်မာလာအောင် ထိရောက်စွာဆောင်ရွက်နိုင်မှုသည် လူဦးရေနည်းပါးမှု၊ စုပေါင်းအခွင့်အရေးများ တည်ရှိနေမှု သို့မဟုတ် အသက်မွေးဝမ်းကျောင်းစနစ်အချို့ တည်ရှိနေမှု သို့မဟုတ် အချို့သော မြေအမျိုးအစားများ တည်ရှိနေမှု စသည့်အခြေအနေများအပေါ် မူတည်ခြင်း မရှိပါ။ ရပ်ရွာလူထုကိုယ်တိုင် စီရင်ဆုံးဖြတ်ခွင့် ပြုနိုင်ခြင်းအပေါ်သာလျှင် မူတည်ပါသည်။ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန် လိုအပ်နေသည်မှာ ရပ်ရွာလူထုအခြေပြု လုပ်ပိုင်ခွင့်စနစ်ဖြစ်ပြီး ထိုစနစ်များတွင် မည်သည့်မြေအမျိုးအစားများ အကျုံးဝင်သည်ဖြစ်စေ ကာကွယ်ထိန်းသိမ်းရမည်သာဖြစ်သည်[15]။ ဓလေ့ထုံးတမ်းစနစ်များသည် အချိန်ကာလရွေ့လျားလာသည်နှင့်အမျှ အများအပြား သို့မဟုတ် အနည်းငယ်ပြောင်းလဲမှု ရှိနိုင်သကဲ့သို့ပင် စုပေါင်းအခွင့်အရေးများနှင့် ပုဂ္ဂလိကတစ်ဦးချင်း လုပ်ပိုင်ခွင့်များ ယှဉ်တွဲတည်ရှိနေမှုတို့တွင်လည်း အပြောင်းအလဲ ရှိနေနိုင်ပါသည်။ သို့သော်လည်း ဓလေ့ထုံးတမ်းစနစ်များရေရှည်တည်တံ့မှုအတွက် အရေးကြီးလှသည့်အချက်မှာ မိမိတို့နယ်မြေ/နယ်နိမိတ်များအား ကိုယ်ပိုင် ဒေသတွင်း စည်းမျဉ်းစည်းကမ်းများ၊ ကိုယ်ပိုင် စည်းကြပ်မှုများဖြင့် စီမံအုပ်ချုပ်မည်ဟူသည့် ရပ်ရွာလူထု၏ စိတ်ဆုံးဖြတ်ချက်နှင့် စွမ်းဆောင်ရည် ဖြစ်ပါသည်။ နိုင်ငံတော်၏ ကြားဝင်စွတ်ဖက်ဆောင်

13 For an example, see Lundsgaard-Hansen, L. M., Schneider, F., Zaehringer, J.G., Oberlack, C., Win Myint, & Messerli, P. (2018). Whose Agency Counts in Land Use Decision-Making in Myanmar? A Comparative Analysis of Three Cases in Tanintharyi Region. Sustainability, 10(10), 3823.

14 Based on a field study conducted by Prawit Nikornuaychai, partly published in Erni, C. (2018). Indigenous peoples, land rights and forest conservation in Myanmar. Copenhagen/Yangon: International Work Group for Indigenous Affairs and Promotion of Indigenous and Nature Together.


15 Wily, L. (2016). Customary tenure: remaking property for the 21st century; in: M. Graziadei and L. Smith (Eds.), Comparative Property Law: Global Perspectives (p.463). Cheltenham: Edward Elgar.

ရွှက်မှုများ ပိုမိုများပြားလာမှုသည် ဤစွမ်းဆောင်နိုင်ရည်အပေါ် အခြေခံအားဖြင့် စိန်ခေါ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

မြေပြန့်ဒေသအများစုတွင် ကျေးလက်နယ်နိမိတ်များအပေါ် ရပ်ရွာလူထု၏ စီရင်ဆုံးဖြတ်ခွင့်နေရာ၌ နိုင်ငံတော်အစိုးရ၏ စီရင်ဆုံးဖြတ်ခွင့်က ကျယ်ကျယ်ပြန့်ပြန့် အစားထိုးဝင်ရောက်လျက်ရှိသည်။ မူရင်းဓလေ့ထုံးတမ်းစနစ်၏ အချို့လုပ်ပိုင်ခွင့်များကိုသာ ဆက်လက်ထိန်းသိမ်းထားနိုင်သည်ကို တွေ့ရှိရပြီး ဥပမာအားဖြင့် စားကျက်မြေဖြစ်သည်။ ဤစနစ်မျိုးကို တစ်စိတ်တစ်ပိုင်း ဓလေ့ထုံးတမ်းစနစ်ဟု ယူဆနိုင်သည်။

အပြည့်အဝ ဓလေ့ထုံးတမ်းစနစ်ဆိုသည်မှာ ရပ်ရွာလူထု၏နယ်မြေ/နယ်နိမိတ်ကို ဘုံပိုင်ဆိုင်မှုအဖြစ်ထားရှိပြီး ရပ်ရွာလူထုသည် ထိုနယ်မြေ/နယ်နိမိတ်များအပေါ် ဓလေ့ထုံးတမ်းဥပဒေအရစီရင်ဆုံးဖြတ်ခွင့်ရှိသည်။ ရပ်ရွာလူထု စီရင်ဆုံးဖြတ်ခွင့်၏ အဓိကညွှန်းကိန်းတစ်ခုမှာ အများပိုင်အခွင့်အရေး သို့မဟုတ် အခြားစုပေါင်းအခွင့်အရေးများ မထားရှိဘဲ ရပ်ရွာလူထုစီမံအုပ်ချုပ်မှုအဖွဲ့အစည်းကသာ ဓလေ့ထုံးတမ်းစနစ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ခြင်းဖြစ်သည် – အဓိကအားဖြင့် မြေလွှဲပြောင်းခွင့်ဆိုင်ရာ စီရင်ဆုံးဖြတ်ခြင်းဖြစ်ပြီး ပြင်ပလူပုဂ္ဂိုလ်/အဖွဲ့အစည်းများထံ ရောင်းချမှုကို ကန့်သတ်ခြင်း သို့မဟုတ် စည်းကြပ်ခြင်းတို့လည်း အပါအဝင်ဖြစ်သည်။

ဓလေ့ထုံးတမ်းစနစ်များ၏ စဉ်ဆက်မပြတ်ပြောင်းလဲနေသည့် သဘောသဘာဝ၊ အပြောင်းအလဲဖြစ်စေသည့် အကြောင်းရင်းများနှင့်အပြောင်းအလဲဖော်ဆောင်သူများ အမျိုးမျိုးတည်ရှိနေနိုင်မှုကြောင့် တစ်ခါတစ်ရံ ဓလေ့ထုံးတမ်းစနစ်တစ်ခုသည် တစ်စိတ်တစ်ပိုင်းစနစ် သို့မဟုတ် အပြည့်အဝစနစ်ဖြစ်သည်ဟု သတ်မှတ်ရန်ခက်ခဲနိုင်ပါသည်။ သို့သော်လည်း ဤကွဲပြားမှုသည် ဓလေ့ထုံးတမ်းစနစ်များ သတ်မှတ်ရေးဆိုင်ရာ အဓိကစံနှုန်းတစ်ခုကို ဥပဒေအရ အသိအမှတ်ပြုရန်နှင့် အကာအကွယ်ပေးရန်လိုအပ်မှုကို အများအာရုံစိုက်မိလာရန် အကူအညီပေးသည်။ ထိုအဓိကစံနှုန်းဆိုသည်မှာ ရပ်ရွာ၏ မြေနှင့်သယံဇာတရင်းမြစ်များ စီမံအုပ်ချုပ်ရာတွင် ရပ်ရွာလူထု လက်ဝယ်ရှိသည့် ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်ပမာဏအတိုင်းအတာကို ဆိုလိုခြင်းဖြစ်ပါသည်။



ဤဆန်းစစ်ချက်အနှစ်ချုပ်သည် မူရင်းအကြောင်းအရာလေ့လာချက်ဖြစ်သည့် – Erni, C. (2021)၊ မြန်မာနိုင်ငံ ဓလေ့ထုံးတမ်းစနစ်များတွင် စွဲမြဲတည်ရှိနေမှုနှင့်အပြောင်းအလဲ။ အကြောင်းအရာ လေ့လာဆန်းစစ်ချက် အမှတ် ၁၁၊ ရန်ကုန် – POINT နှင့် MRLG – ကို အကျဉ်းချုပ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ မူရင်းလေ့လာချက် အသေးစိတ်ကို ဤတွင်ဖတ်ရှုနိုင်ပါသည် – https://www.mrlg.org/publications/persistence-and-change-in-customary-tenure-systems-in-myanmar/

ဤလေ့လာဆန်းစစ်ချက်သည် ဓလေ့ထုံးတမ်းစနစ်များ အသိအမှတ်ပြုရေးနှင့် အကာအကွယ်ပေးရေးအတွက် မူဝါဒဆိုင်ရာ ရွေးချယ်စရာများ ဖော်ထုတ်သတ်မှတ်နိုင်ရန် ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံတွင် တည်ရှိနေသည့် အမျိုးမျိုးသော ဓလေ့ထုံးတမ်းစနစ်များဆိုင်ရာ အသိအမြင်ဗဟုသုတများကို ပြန်လည်လေ့လာသုံးသပ်ထားခြင်း ဖြစ်ပါသည်။ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်အပေါ် အဓိပ္ပါယ်သတ်မှတ်ချက်ကို ပြန်လည်လေ့လာသုံးသပ်ပြီးနောက် ဓလေ့ထုံးတမ်းစနစ်များ၏ ဘုံလက္ခဏာများနှင့် ကွဲပြားခြားနားချက်များကို ဤလေ့လာချက်တွင် ဖော်ထုတ်ဆွေးနွေးထားသည်။ ထိုကွဲပြားမှုနှင့် ဘုံလက္ခဏာဆိုင်ရာများကို အခြေခံ၍ အမျိုးအစားခွဲခြားကာ အဆိုပြုတင်ပြမှုတစ်ခု ဖြစ်ပေါ်စေသည်။ နိဂုံးတွင် – ရပ်ရွာနယ်နိမိတ်အတွင်းရှိ အမျိုးမျိုးသော မြေအမျိုးအစားများအပေါ် လက်တွေ့ကျင့်သုံးနေသည့် လုပ်ပိုင်ခွင့်များ မည်သို့ပင်ရှိနေစေကာမူ အဆိုပါ ရပ်ရွာနယ်နိမိတ်အတွင်းရှိ မြေနှင့်သယံဇာတရင်းမြစ်များအပေါ် ရပ်ရွာလူထု၏ စီရင်ဆုံးဖြတ်ခွင့်ကို အသိအမှတ်ပြုပေးရမည်သာဖြစ်သည်ဟု – ဖော်ပြထားပါသည်။

မြန်မာနိုင်ငံဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့် အသိအမှတ်ပြုရေး Alliance အဖွဲ့ဝင်များ၏ ပူးပေါင်းပါဝင်ဆွေးနွေးချက်များဖြင့် ဤလေ့လာဆန်းစစ်မှုကို အကျယ်တဝင့် ဖော်ပြထားခြင်းဖြစ်ပါသည် –

This work is licensed under a Creative Commons Attribution-NonCommercial-ShareAlike International (CC BY-NC-SA 4.0)

Promotion of Indigenous and Nature Together (POINT) – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့(ပွိုင့်)သည် ဌာနေတိုင်းရင်းသားအခွင့်အရေးများမြှင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များဆိုင်ရာ အသိအမြင် ပွင့်လန်းတိုးတက်လာစေရေးအတွက် ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် မြန်မာအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ပွိုင့်သည် ဖွံ့ဖြိုးတိုးတက်မှုနှင့် သယံဇာတရင်းမြစ်များစီမံခန့်ခွဲရေးဆီသို့ အခွင့်အရေးအခြေပြု ချဉ်းကပ်မှုဖြင့် ဌာနေတိုင်းရင်းသားလူထုများနှင့် လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

အသေးစိတ်ကို ဤတွင်ဖတ်ရှုနိုင်ပါသည် – www.pointmyanmar.org

The Mekong Region Land Governance Project (MRLG) – မဲခေါင်ဒေသမြေယာအုပ်ချုပ်မှုစီမံကိန်းသည် ဆွစ်ဇာလန်နိုင်ငံအစိုးရ၏စီမံကိန်းတစ်ခုဖြစ်ပြီး ဖွံ့ဖြိုးရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ဆွစ်စ်အေဂျင်စီ(SDC)မှတစ်ဆင့် အကောင်အထည်ဖော်ခြင်းဖြစ်ကာ ဂျာမနီနိုင်ငံအစိုးရနှင့် လူဇင်ဘတ်နိုင်ငံအစိုးရတို့ကလည်း ရန်ပုံငွေ ပူးပေါင်းပံ့ပိုးပေးထားသည်။

အသေးစိတ်ကို ဤတွင်ဖတ်ရှုနိုင်ပါသည် – www.mrlg.org

Mekong Region Land Governance
Unit 11, House No. 262, Ban Saphanthong Kang, Sistattanak District, Vientiane Capital, Lao PDR
PO Box 2973, Vientiane Lao PDR 01000, Phone: +856 21 454 807, Email: info@mrlg.org

## တာဝန်မရှိကြောင်း ငြင်းဆိုချက်

ဤရေးသားထုတ်ဝေမှုတွင်ပါရှိသည့် အမြင်များ၊ အယူအဆများနှင့်အဓိပ္ပါယ်ဖွင့်ဆိုမှုများသည် ရေးသားပြုစုသူ များနှင့်အားဖြည့်ပါဝင်သူတို့ထံမှ ဖြစ်ပါသည်။ ၎င်းတို့သည် SDC၊ ဂျာမနီနှင့် လူဇင်ဘတ်နိုင်ငံမှ အရာရှိများ၏ တရားဝင်/တရားမဝင် ထင်မြင်ယူဆချက်များ သို့မဟုတ် ရည်တည်ချက်များကို ကိုယ်စားမပြုပါ။

ရန်ပုံငွေပံ့ပိုးသူ

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development and Cooperation SDC

german cooperation
DEUTSCHE ZUSAMMENARBEIT

LUXEMBOURG AID & DEVELOPMENT

အကောင်အထည်ဖော်သူ

Land Equity International

GRET Professionals for Fair Development

ပံ့ပိုးကူညီသူ

giz